ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်


## Village Development Plan (VDP)

တူးမြောင်းကျေးရွာ၊ တူးမြောင်းကျေးရွာအုပ်စု


မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ....2
၂။တူးမြောင်းအုပ်စုမြေပုံ....3
၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း....4
၄။ကျေးရွာအခြေခံအချက်အလက်များ....5
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်....6
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ...7
၇။ကော်မတီဂင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ.... 21
၈။ ကျေးရွာကော်မတီဂင်များစာရင်း....25
၉။ပုံစံ-၁။ကျေးရွာအချက်အလက် .... 26
၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် .... 30
၁၁။အစည်းအဝေးမှတ်တမ်းများ.... 33
၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP).... 36

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ တူးမြောင်းအုပ်စုမြေပုံ


တူးမြောင်းကျေးရွာအုပ်စု အကွက်ချမြေပုံ
N
W
E
S
ညွှန်ပြချက်
နယ်နမိတ်
အိမ်ကွက်၊မြေကွက်၊မြဲကွက်
လမ်း
စေတီ
ဘုန်းကြီးကျောင်း
ဓမ္မာရုံ
အုပ်ချုပ်ရေးမှူးရုံး
ရေကန်
စာသင်ကျောင်း
မြစ်ချောင်း
ဆေးပေးခန်း

## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ တူးမြောင်းကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

တူးမြောင်းကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၂၁)မိုင်ခန့်ကွာဝေးသော ရွာတစ်ရွာဖြစ်ပါသည်။ တံတားမြို့ မဖြစ်သေးခင် တူးမြောင်းရွာကို စတင်တည်ထောင်ခဲ့ပါသည်။ ရွာသူရွာသားများသည် မြောင်းတစ်ခုဘေးတွင် နေထိုင်ကြသောကြောင့် တူးမြောင်းဟုခေါ် ဆိုရခြင်း ဖြစ်သည်။ တူးမြောင်းကျေးရွာအုပ်စုသည် တံတားမြို့အရှေ့ဘက် (၃)မိုင်ခန့် အကွာတွင်တည်ရှိပါသည်။ တူးမြောင်းကျေးရွာတွင် စီးပွားရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်ပါသည်။ မိုးရာသီတွင် တူးမြောင်းကျေးရွာမှ တံတားမြို့ကိုစက်လှေဖြင့် တဆင့် သွားရပြီး ထိုမှတဆင့် ကား၊ ဆိုင်ကယ်တို့ဖြင့် ကျောက်တန်းသို့သွားရသည်။ နွေရာသီတွင် ကျောက်တန်းမြို့သို့ ဆိုင်ကယ်၊ ကားများဖြင့် သွားရောက်ကြပါသည်။ တူးမြောင်းကျေးရွာတွင် လူဦးရေ(၁၀၁၃)၊ အိမ်ထောင်စု(၃၀၈)ရှိပါသည်။ အမျိုးသား လူဦးရေမှာ(၅၂၂)ရှိပြီး အမျိုးသမီးလူဦးရေမှာ(၄၉၁)ရှိပါသည်။ ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ စာသင်ကျောင်းတစ်ကျောင်းနှင့် ဆေးပေးခန်းတစ်ခန်းရှိပါသည်။ ကျေးရွာတွင် သောက်ရေသုံးရေအတွက် ရေကန်(၄)ကန်ရှိပြီး သုံးစွဲမှုအတွက် လုံလောက်သည်။ ကျေးရွာတွင် လျှပ်စစ်မီးမရှိသေးချေ။ ကျေးရွာတွင် နွမ်းပါးသူများ များပြားသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | ၂ | ၄ | ၃ | ၇ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၈၀ | ၃၅ | ၄၅ | ၈၀ |
| မြေယာမဲ့ | ၁၀၀ | ၅၈ | ၄၂ | ၁၀၀ |
| မသန်စွမ်း | ၁ | ၁ | ၀ | ၁ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ဝက် | ဈေးဆိုင် | |
| ပဲတီစိမ်း | ဆိတ် | အရောင်းအဝယ် | |
| | | | |
| | | | |
| | | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၃၀၀၀ | ၄၁၅ | - | - | -/၅ | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ခြွေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | - | ၆ | ၁ | ၂ | - | ၆ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | - | ၂ | ၁ | - | ၅၀ |

| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
|---|---|---|---|---|---|
| အရေအတွက် | ၁၂၀ | ၈၀ | ၆ | ၅၀ | ၄ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂၂-၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၅ | ၂၀ | ၃၅ | အိမ်အမျိုးအစားများ၊ အခြေခံ အဆောက်အဦးများ၊ လမ်းပန်း ဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်း များ၊ ရေတွင်း ရေကန်များ၊ သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၂-၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၅ | ၂၀ | ၃၅ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စား လုပ်ငန်းများ၊ မွေးမြူရေး လုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၂၄-၁-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၂၆ | ၂၆ | ၅၂ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲ ခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ် ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ် မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သုံးသပ် ချက် | ၂၄-၁-၂၀၁၇ | ကျေးရွာအုပ် ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၂၆ | ၂၆ | ၅၂ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများ နှင့် မည်သို့သောလုပ်ငန်းများ အတွက် မည်သည့်အဖွဲ့များချိတ် ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ် ချက် | ၂၄-၁-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၂၆ | ၂၆ | ၅၂ | အမျိုးသားများနှင့်အမျိုးသမီး များ တန်းတူအခွင့်အရေး ရရှိမှု နှင့်မရရှိသည့်အကြောင်းအရင်း များ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၄-၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၆ | ၂၆ | ၅၂ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအား သိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ


**၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။**



## သုံးသပ်ချက်

တူးမြောင်းကျေးရွာအုပ်စု၊ တူးမြောင်းကျေးရွာသည် အိမ်ထောင်စုပေါင်း(၃၀၈)စုရှိပြီး လူဦးရေ(၁၀၁၃) ရှိပါသည်။ တူးမြောင်းကျေးရွာတွင် ဗမာလူမျိုးစု အများဆုံးနေထိုင်ပြီး ဟိန္ဒူလူမျိုးစု အနည်းငယ်လည်းနေထိုင်ကြသည်။ ကျေးရွာ၏ အဓိက လုပ်ငန်းများမှာ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး တို့ကို လုပ်ကိုင်ကြပါသည်။ ရေကန်(၄) ကန်ရှိပြီး နွေရာသီတွင် သောက်ရေ၊ သုံးရေလုံလောက်မှုရှိသည်။ စေတီ(၁)ဆူနှင့် ဘုန်းကြီးကျောင်း (၂)ကျောင်း လည်းကျေးရွာတွင်ရှိသည်။ ကျေးရွာ၏အရှေ့ဘက်တွင် တမံကြီးကုန်းကျေးရွာရှိပြီး အနောက်ဘက်တွင်စစ်တပင်ကျေးရွာရှိသည်။ မြောက်ဘက်တွင် တံတားမြို့ရှိပြီး တောင်ဘက်တွင် အောင်ချမ်းသာကျေးရွာရှိသည်။ တူးမြောင်းကျေးရွာ တွင်ဆန်စက်(၁)လုံး၊ မူလတန်းစာသင်ကျောင်းတစ်ကျောင်းနှင့် ကျေးလက်ဆေးခန်း၊ ဘောလုံးကွင်းရှိသော်လည်း မီးရရှိခြင်းလည်း မရှိသေးပေ။ ကျေးရွာတွင် သုသာန်တစ်ခုလည်းရှိသည်။ ကျေးရွာတွင်းလမ်းများမှာ ကွန်ကရစ်လမ်းများနှင့် မြေသားလမ်းများဖြစ်သည်။

## ၂။ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



## သုံးသပ်ချက်

တူးမြောင်းကျေးရွာတွင် ပြေလည်သောအဆင့်၊ အလယ်အလတ်ပြေလည်သောအဆင့်၊ နွမ်းပါးသော အဆင့်ဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။ ပြေလည်သော အဆင့်မှာ တိုက်အိမ်၊ ပျဉ်ထောင်အိမ်၊ လယ်ဧက(၄၁)၊ ထွန်စက်၊ စပါးရိတ်စက်၊ တီဗွီ၊ ကျွဲ၊ နွား၊ ဆိုင်ကယ်နှင့် ဖုန်းတို့ပိုင်ဆိုင်ကြပြီး အိမ်ထောင်စုမှာ (၃၁)စုနှင့် ရာခိုင်နှုန်းမှာ(၉.၇၄%)ရှိပြီး၊ အလယ်အလတ်ပြေလည်သောအဆင့်တွင် ပျဉ်ထောင်၊သွပ်မိုးအိမ်၊ လယ်-(၁၅)ဧက၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ ရွှေနွားပုံ(ထွန်စက်အသေးစား)၊ ဖုန်း၊ အပ်ချုပ်စက်တို့ပိုင်ဆိုင်ကြပြီး အိမ်ထောင်စုမှာ (၇၁)စုနှင့် ရာခိုင်နှုန်းမှာ (၂၂.၇%)နှင့် နွမ်းပါးသောအဆင့်မှာ ဝါးခနီအိမ်၊ စက်ဘီး၊ ဝက်၊ ဘဲ၊ ကြက်၊ ဖုန်း တို့ပိုင်ဆိုင်ကြပြီး အိမ်ထောင်စုမှာ(၂၁၈)စု ရာခိုင်နှုန်းမှာ (၆၇.၅%) ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာအတွင်း နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမရှိဘဲ နေ့စား ကျပန်း လုပ်ငန်းများလုပ်ကိုင်ခြင်း ၊ ပညာအရည်အချင်းနည်းပါးရခြင်း၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**စိုက်ပျိုးရေး** ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် စပါးစိုက်ပျိုးပြီး တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပိုတွဲလများတွင် ပဲတီစိမ်းစိုက်ပျိုးပါသည်။

**မွေးမြူရေး** တန်ခူး၊ ကဆုန်တွင် ဆိတ်မွေးမြူပြီး နယုန်၊ ဝါဆိုလများတွင် ဝက်မွေးမြူကာ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ဘဲမွေးမြူပါသည်။ နတ်တော်၊ ပြာသိုလများတွင် နွားများမွေးမြူပါသည်။

**ကျန်းမာရေး** နယုန်၊ တန်ဆောင်မုန်း၊ တပိုတွဲတွင် ရာသီဥတု ပြောင်းလဲမှုကြောင့်ဖြစ်သော နာစေးခြင်း၊ ချောင်းဆိုးခြင်း တို့ဖြစ်လေ့ရှိပါသည်။

**ရေလုပ်ငန်း** တန်ခူး၊ ကဆုန်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ငါးများဖမ်းယူရရှိပြီး ဝါဆို၊ ဝါခေါင်တွင် ပုဇွန်များဖမ်းယူရရှိပါသည်။

**ပွဲတော်များ** တန်းခူးလမှာ သင်္ကြန်ပွဲ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တဆောင်မုန်းလတွင် တဆောင်တိုင်ပွဲ၊ တပေါင်းလတွင် ကျေးရွာ၏ဘုရားပွဲတော်ကိုကျင်းပကြပါသည်။

**ဝင်ငွေ** တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို၊ တော်သလင်း၊ သီတင်းကျွတ်၊တန်ဆောင်မုန်း လများတွင် ဝင်ငွေနည်းပါးပြီး ဝါခေါင်၊ နတ်တော်လများတွင် ဝင်ငွေအသင့်အတင့်ရရှိပြီး ကျန်လများတွင် ဝင်ငွေအများဆုံးရှိပါသည်။

## ၄။ ဗင်းပုံစံသုံးသပ်ချက်။




## သုံးသပ်ချက်

ကျေးရွာအတွင်း အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးမှုးသည် ကျေးရွာ၏လူမှုရေးကိစ္စများနှင့် ကျေးရွာဖွံ့ဖြိုးရေးများတွင် အဓိကဦးဆောင်ပြီး လူငယ်အဖွဲ့၊ သာရေးနာရေးကူညီမှုအဖွဲ့၊ ရပ်မိရပ်ဖ၊ ဂေါပကအဖွဲ့တို့သည် ကျေးရွာ၏ သာရေးနာရေးကိစ္စများတွင် အဓိကလုပ်ဆောင်ပေးသည်။ အမျိုးသမီးရေးရာအဖွဲ့သည် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် ကူညီပေးပါသည်။ ကျေးရွာ၏ မြစိမ်းရောင်အဖွဲ့အစည်းများသည် ကျေးရွာ၏ စီးပွားရေး လုပ်ငန်းများအား တိုးချဲ့လုပ်ဆောင်ခြင်း၊ ကျေးရွာ၏ အရင်းမပျောက် လည်ပတ်ရန်ပုံငွေ အဖြစ်ထုတ်ချေးထားသည်ကို တွေ့ရှိရပါသည်။ ကျောင်းကော်မတီသည် ကျောင်းပညာရေးမြင့်မားရန် အဓိကထားလုပ်ဆောင်ပေးပါသည်။ ကျေးရွာအထောက်အကူအဖွဲ့သည် ကျေးရွာ၏ လမ်း၊ တံတားဆောက်လုပ်ရာတွင် အဓိက ကူညီပေးပါသည်။ မီးသတ်အဖွဲ့သည် ကျေးရွာ၏ မီးဘေးအန္တရာယ်အတွက် အဓိက လုပ်ဆောင်ပေးပါသည်။

ကျေးရွာပြင်ပ အဖွဲ့အစည်းဖြစ်သော မြို့နယ်ထွေအုပ်၊ စိုက်ပျိုးရေးဘဏ်၊ မြစိမ်းရောင်၊ ကျေးလက်ဖွံ့ဖြိုးရေးဌာန၊ ပညာရေးဌာန၊ မြေစာရင်းဌာနသည်လည်း ကျေးရွာ အဖွဲ့အစည်းများနှင့် ကဏ္ဍအသီးသီးတွင် ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလဲ တွေ့ရှိရပါသည်။

၅။ ပင့်ကူအိမ် သုံးသပ်ချက်။



**သုံးသပ်ချက်**

**ဆုံးဖြတ်ပိုင်ခွင့်** ကျေးရွာအတွင်း ဆုံးဖြတ်ချက်များချရာတွင် အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူဆုံးဖြတ်ပိုင်ခွင့် ရှိကြောင်း တွေ့ရှိရပါသည်။

**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု** အမျိုးသားများသည် အိမ်မှုကိစ္စအပေါ်တွင် ပူးပေါင်းပါဝင်မှုရှိသည်သော်လည်း အမျိုးသမီးများကသာ အများဆုံးလုပ်ကိုင် နေရသည်ကို တွေ့ရှိရပါသည်။

**ပညာရေး** အမျိုးသားများက ပညာသင်ကြားခွင့် ပိုမိုရရှိပြီး အမျိုးသမီးများသည် ပညာရေးတွင်တန်းတူ အခွင့်ရေး မရရှိသည်ကို တွေ့ရှိရပါသည်။

**ဦးဆောင်နိုင်မှု** ကျေးရွာ၏ဘာသာရေး၊ သာသနာရေး အစရှိသည်တို့တွင် အမျိုးသမီးများ၏ ဦးဆောင်နိုင်မှုမှာ မြန်မာ့ထုံးတမ်းအစဉ်လာအရ အမျိုးသားများကသာ ဦးဆောင်နေသည်ကိုတွေ့ရှိရပါသည်။

**ဝင်ငွေရရှိမှု** -အမျိုးသားများက ဝင်ငွေပိုမို ရှာဖွေနိုင်သော်လည်း အမျိုးသမီးများမှာ အိမ်မှုကိစ္စများကြောင့် အပြင်ထွက်အလုပ် မလုပ်ကိုင်နိုင်ပဲ ဝင်ငွေမှာနည်းပါးကြောင်း တွေ့ရှိရပါသည်။

**သာရေးနာရေး** -အမျိုးသားများသည် သာရေးနာရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်မှု နည်းပါးပြီး အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုမှာ နည်းပါးကြောင်း တွေ့ရသည်။

**အရင်းအမြစ်သုံးစွဲမှု** အမျိုးသားများက အရင်းအမြစ် သုံးစွဲမှု များပြားပြီး အမျိုးသမီးများ၏ သုံးစွဲမှုမှာ နည်းပါးကြောင်းတွေ့ရှိရပါသည်။

**အလုပ်ကိုင်အခွင့်လမ်း** ကျေးရွာအတွင်းအမျိုးသားများနှင့် အမျိုးသမီးများသည် အလုပ်အကိုင် အခွင်အလမ်းမှာခြားနားမှုမှာ အနည်းငယ်သာရှိပါသည်။

၆။ပိုင်ဆိုင်မှုသုံးသပ်ခြင်း။




ပိုင်ဆိုင်မှုသုံးသပ်ခြင်း
ဘောလုံးကွင်း
လယ်ထွန်စက်
(လယ်ထွန်စက် အသေးစား)
ပေါင်းရိတ်စက်
အလှပြင်ဆိုင်
ဈေးဆိုင်
လယ်ယာမြေ
အပ်ချုပ်စက်ဆိုင်
ဆေးပေးခန်း
ဆိုင်ကယ်
ရေကန်
စာသင်ကျောင်း
ဘုန်းတော်ကြီးကျောင်း

## သုံးသပ်ချက်

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ဘောလုံးကွင်း၊ ဆိုင်ကယ်၊ စပါးရိတ်စက်၊ လယ်ထွန်စက်၊ ရွှေနွားပုံ၊ ထော်လာဂျီ၊ အပ်ချုပ်စက်ဆိုင်၊ ရေကန်စသည့် အရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။ အလှပြင်ဆိုင်၊ ဈေးဆိုင်အား အမျိုးသမီးများမှ ထိန်းချုပ်ထားပြီး အမျိုးသား /အမျိုးသမီး နှစ်ဦးလုံးထိမ်းချုပ်ထားသော အရင်းအမြစ်များမှာ ဆေး ပေးခန်း၊ လမ်း၊ တံတား၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းစသည်တို့ကို ထိန်းချုပ်ထား ပါသည်။

**အသုံးပြုမှု** ကျေးရွာ၏ အရင်းအမြစ်ဖြစ်သော ဘောလုံးကွင်း၊ ထော်လာဂျီ၊ လယ်ထွန်စက်၊ ရွှေနွားပုံ (လယ်ထွန်စက်အသေးစား)စသည်တို့ကို အမျိုးသားများအသုံးပြုပြီး အလှပြင်ဆိုင်၊ ဈေးဆိုင်အား အမျိုးသမီးများသာ အသုံးပြု၍ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များ မှာလမ်း၊ တံတား၊ လယ်ယာမြေ၊ အပ်ချုပ်စက်ဆိုင်၊ ဆေးပေးခန်း၊ ဆိုင်ကယ်၊ ရေကန်၊ စာသင် ကျောင်း၊ ဘုန်းကြီးကျောင်းစသည်တို့ကို အသုံးပြုကြပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးနှင့် တကွကျေးရွာ ရပ်မိရပ်ဖများအား ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်း လုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

မေးမြန်းသည့်ရက်။ ရက်စွဲ - ၂၅.၁.၂၀၁၇

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |

| | | | | |
|---|---|---|---|---|
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ





အမျိုးသား၊ အမျိုးသမီးအခက်အခဲများ ထုတ်ဖော်ခြင်းအတွက် မှတ်တမ်းဓါတ်ပုံ



ကော်မတီဝင်များ ရွေးချယ်ပြီးစီးခြင်း မှတ်တမ်းဓါတ်ပုံ



စီမံကိန်းလုပ်ငန်းခွဲ မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးအောင်ကြည် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ဇာနည်လွင် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးထိန်လင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးမောင်မောင်ကြီး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်စန်းကြည် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးမြလှိုင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်အေးဟံ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဦးတင်လင်းအောင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၉ | ဒေါ်ရီရီနိုင် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၁၀ | ဦးထွန်းဟံ | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဒေါ်လွဲလွဲဝင်း | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၂ | ဦးဆန်းဝင်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၃ | ဦးနန်းဝင်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၄ | ဒေါ်နီလာအေး | မ | စေတနာ့ဝန်ထမ်း |
| ၁၅ | ဒေါ်သီတာအေး | မ | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၅) ယောက်　　ကျား-၈ ယောက် + မ-၇ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဦးအောင်ကြည်　　ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ

၂။ဒေါ်ယဉ်ယဉ်အေး　　ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ

၃။ဒေါ်ဇာနည်လွင်　　ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဌ

၄။ဒေါ်အိမွန်ကျော်　　ဘဏ္ဍာရေးဆပ်ကော်မတီ၊ စာရင်းကိုင်

၅။ဦးဟိန်းစောထွန်း　　ဘဏ္ဍာရေးဆပ်ကော်မတီ၊ အဖွဲ့ဝင်

၆။ဦးကျော်ထက်လင်း　　အုပ်စု အဖွဲ့ဝင်

၇။ဦးဇင်မင်းအောင်　　အုပ်စု အဖွဲ့ဝင်

၈။ဒေါ်မြင့်မြင့်ခင်　　အုပ်စု အဖွဲ့ဝင်

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်ဖြူဇင်ဝင်း

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၂၅.၁.၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် - | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးမောင်ဝင်း | 09-76331636 | ဒေါ်မြမြခင်ဝင်း |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ရခိုင် | မြို့နယ် ကျောက်တော် | ကျေးရွာအုပ်စု တောင်မြောင် | ကျေးရွာ တောင်မြောင် |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၂၀၆ | ဘာသာ (၁) ဗုဒ္ဓဘာသာ | ၂၀၆ |
| လူမျိုးစု (၂) ဟိန္ဒူ | ၂ | ဘာသာ (၂) ဟိန္ဒူဘာသာ | ၂ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ယောက် | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၈၀ ကျော် | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၅၂၂ | ၄၉၀ |
| လူမျိုးစု (၁) ဗမာ | ၅၁၈ ဦး | ၄၈၇ ဦး |
| လူမျိုးစု (၂) ဟိန္ဒူ | ၄ ဦး | ၃ ဦး |
| လူမျိုးစု (၃) ---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၈၂ | ၂၀ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☑ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☑ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် [illegible] | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | | (၂) ကျန်းမာရေး | | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | | ဆရာဝန် | ☐ | ☐ | | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | | သားဖွားဆရာမ | ☐ | ☑ | | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် [illegible] ဆရာ/မ | | | | မှတ်ချက် | | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ (မရှိပါ circled)

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်--------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☑ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☑ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် ရွာမှ | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | | (၂) ကျန်းမာရေး | | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | | ဆရာဝန် | ☐ | ☐ | | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | | သားဖွားဆရာမ | ☐ | ☑ | | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် ရွာမှ ဆရာ/မ | | | | မှတ်ချက် | | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ______________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ____________

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]

(၂) [illegible]

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ ၂၁.၁.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်[illegible]

လက်မှတ် [illegible] နေ့စွဲ ၂၁.၁.၂၀၁၇

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | |
|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် ဒေါ်ဖြူဂင်ဝင် | |
| နေ့စွဲ ၂၄.၁.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) |

| | | | |
|---|---|---|---|
| ပြည်နယ် / တိုင်း - ရန်ကုန် | မြို့နယ် -ကျောက်တန်း | ကျေးရွာအုပ်စု-ကွ့မြောင်း | ကျေးရွာ - ကွ့မြောင်း |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | မိုးရာသီတွင် သွားလာရေး ခက်ခဲခြင်း | ၁ | မိုးရာသီတွင် သွားလာရခက်ခဲခြင်း |
| ၂ | ကျန်းမာရေး စောင့်ရှောက်မှု မပြည့်စုံခြင်း | ၂ | သောက်သုံးရေ လုံလောက်စွာ မရှိခြင်း |
| ၃ | သောက်သုံးရေ မလုံလောက်ခြင်း | ၃ | ကလေး တက်ကျောင်း မရှိခြင်း |
| ၄ | ကလေးတက် ကျောင်း မရှိခြင်း | ၄ | ကျန်းမာရေး ဆရာ/ဆရာမ မလုံလောက်ခြင်း |
| ၅ | စိုက်ပျိုးရေး အတွက် ရေနုတ်မြောင်း မရှိခြင်း | ၅ | စိုက်ပျိုးရေး နည်းပညာ မရှိခြင်း |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ မျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်လာစေရန် | ၁ | လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်လာစေရန် |
| ၂ | ကျန်းမာရေး ဆရာ/ဆရာမ လုံလောက်စေရန် | ၂ | သန့်ရှင်းသောရေ လုံလောက်စွာ ရရှိစေရန် |
| ၃ | သန့်ရှင်း သောရေ လုံလောက်စွာ ရရှိစေရန် | ၃ | ကလေးတက်ကျောင်း ရှိစေရန် |
| ၄ | ကလေးတက်ကျောင်း ရှိစေရန် | ၄ | စိုက်ပျိုးရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် |
| ၅ | စိုက်ပျိုးရေး အတွက် ရေနုတ်မြောင်း ရှိစေရန် | ၅ | ကျန်းမာရေး ဆရာ/ဆရာမ လုံလောက်မှု ရှိစေရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအစီစဉ်များ အားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းမကြီး | ကျား + မ | ၂၀၃၀၀၀၀၀ | 1005 |
| ၂ | ရွာတွင်းလမ်းသွယ် | ကျား + မ | ၁၃၂၀၀၀၀၀ | 1005 |
| ၃ | တံတား | ကျား + မ | ၃၉၀၀၀၀၀၀ | 1005 |
| ၄ | ကျေးရွာအားကစားကွင်း | ကျား + မ | ၈၀၀၀၀၀၀၀ | 1005 |
| ၅ | တံတားဖော်ခြင်းနှင့်မြေဖို့ခြင်း | ကျား + မ | ၁၄၈၀၀၀၀၀ | 1005 |
| ၆ | ဆေးရုံတည်ဆောက်ခြင်း | ကျား + မ | ၂၅၀၀၀၀၀၀ | 1005 |

ခက်ခဲအကြောင်းအချက်များ

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအကြောင်းအချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲအကြောင်းအချက်များ | |
|---|---|---|---|
| ၆ | ကျေးရွာ အားကစားကွင်း ပြုပြင်ခြင်း | ၆ | အလုပ်ကိုင်အခွင့်အလမ်း နည်းပါးခြင်း |
| ၇ | လျှပ်စစ်မီး မရှိခြင်း | ၇ | ကျေးရွာဈေး မရှိခြင်း |
| ၈ | ကျေးရွာဈေး မရှိခြင်း | ၈ | လျှပ်စစ်မီး မရှိခြင်း |
| ၉ | အလုပ်ကိုင်အခွင့်အလမ်း နည်းပါးခြင်း | ၉ | အလုပ်ရုံ မရှိခြင်း |
| ၁၀ | | ၁၀ | |

ခ။ မျှော်မှန်းချက်

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | |
|---|---|---|---|
| ၆ | ကျေးရွာအားကစားကွင်း ကောင်းမွန်စွာပြုပြင်စေရန် | ၆ | အလုပ်အကိုင်အခွင့်အလမ်း ပေါ်များလာစေရန် |
| ၇ | လျှပ်စစ်မီး ရရှိစေရန် | ၇ | ရွာဈေး ဖြစ်ပေါ်လာစေရန် |
| ၈ | ကျေးရွာဈေး ဖြစ်ပေါ်လာစေရန် | ၈ | လျှပ်စစ်မီး ရရှိစေရန် |
| ၉ | အလုပ်ကိုင်အခွင့်အလမ်း ပေါ်များလာစေရန် | ၉ | အလုပ်ရုံ ဖြစ်ပေါ်လာစေရန် |
| ၁၀ | | ၁၀ | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| [illegible] | [illegible] | [illegible] | |
| ၂ | အသက်မွေးကြောင်းထောက်ပံ့ငွေ | ကျား + မ | |
| ၃ | ကျန်းမာရေး ဆရာ/ဆရာမ | ကျား + မ | |
| ၄ | စိုက်ပျိုးရေးနည်းပညာ | ကျား + မ | |
| ၅ | အသက်မွေးဝမ်းကြောင်းနည်းပညာ | ကျား + မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်မှုကော်မတီမှ အတည်ပြုသည်။

အမည် ဦးအောင်မြင့် လက်မှတ် [signature] နေ့စွဲ ၂၆.၁၁.၂၀၁၇

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာ | ဘူးမြောင်း |
| ကျေးရွာအုပ်စု | ဘူးမြောင်းကျေးရွာ |
| အစည်းအဝေးပြုလုပ်သည့်နေရာ | ကျေးရွာ စာသင်ကျောင်း |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၂၁.၁.၂၀၁၇ |
| အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ | ကျေးရွာမိတ်ဆက် အစည်းအဝေး |

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား ( ၇၁ )ဦး ၊မ ( ၉၂ )ဦး= (၁၆၃) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ကျေးရွာလူထုမှ လူထုဗဟိုပြု စီမံကိန်းနှင့် ပတ်သက်သည်များကို သိရှိရန်၊ လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအား သိရှိရန်၊ စေတနာ့ဝန်ထမ်းများ ထွက်ပေါ်ရန်

ဆွေးနွေးချက်များ။ ။ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်တိုးမှ ကျေးရွာလူထုအား လူထုဗဟိုပြုစီမံကိန်းသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြုလုပ်မည်ဖြစ်သည့်အတွက် ကျေးရွာလူထုမှ ဝိုင်းဝန်းပူးပေါင်း လုပ်ဆောင်ကြပါရန် အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ဆွေးနွေးချက်။ ။ ဦးကျော်အေး၊ ဝင်းဆွေ မှ ရန်ကုန်တိုင်းအတွင်းတွင် (၄)မြို့နယ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ငွေဖြင့် လူထုဗဟိုပြုစီမံကိန်းသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်သွားမည့်အကြောင်း မိတ်ဆက် ပြောကြားခဲ့ပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူး ဒေါ်ဖြူဖြူဝင်းမှ စီမံကိန်းဖြစ်ပေါ်လာပုံ၊ စီမံကိန်းလုပ်ဆောင်မည့် အကြောင်းအရာ၊ ရည်ရွယ်ချက်၊ စီမံကိန်းတွင် အဓိက ပါဝင်ပတ်သက်သူများ၊ စီမံကိန်းသက်တမ်းနှင့် အဆင့်(၁၄)ဆင့်ကို ကျေးရွာသူ/သားများနှင့် ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးချက် ။
သဘောတူညီချက်

။ စေတနာ့ဝန်ထမ်း ရွေးချယ်ရန် စံနှုန်းများနှင့် တာဝန်ဝတ္တရားများကို ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကျေးရွာသူ/သားများ၏ သဘောတူညီချက်ဖြင့် စေတနာ့ဝန်ထမ်းကို မဲစနစ်ဖြင့် မဲအများဆုံး ရရှိသော အမျိုးသား ဦးနိုင်ဝင်း၊ ဦးဆန်းဝင်း နှင့် အမျိုးသမီး ဒေါ်နီလာအေး ကို ရွေးချယ်ရရှိခဲ့ပါသည်။

ဆွေးနွေးချက် ။

။ ကျေးရွာမြေပုံဆွဲရခြင်း ရည်ရွယ်ချက်ကို ရှင်းပြပြီး မြေပုံရေးဆွဲခြင်း၊ ရည်ရွယ်ချက်အသီးသီးကို ရှင်းပြ၍ ရာသီဥတုပြ ပြက္ခဒိန်ကို ရွာသူ/သားများ ပူးပေါင်း၍ ရေးဆွဲခဲ့ကြပါသည်။ ကျေးရွာ၏ ပိုင်ဆိုင်မှု ဥစ္စာများကို ပြေလည်သောနှစ်ခု၊ မပြေလည်သောနှစ်ခု၊ နှစ်ခါပါးသော နှစ်ခုများကို သိထားစေရန် အရေးအတွက်၊ ရာခိုင်နှုန်းများ ဆွေးနွေးခဲ့ကြပါသည်။ ထို့ပြင် ကျေးရွာ၏ လအလိုက် တစ်နှစ်ပတ်လုံးလုပ်ငန်းများ၊ ဝင်ငွေရှိမှု၊ ပွဲတော်များ ပြုလုပ်သည့်လများ အခြေခံ၍ ဆွေးနွေးခြင်း။ အားလပ်ချိန်များ၊ ရာသီအလိုက် ပြုလုပ်သည့် အကြောင်းအရာများ ဆွေးနွေးကြပါသည်။

ဆွေးနွေးချက် ။
သဘောတူညီချက်

။ ကျေးရွာအတွင်းရှိ အမျိုးသား/သမီးများ၏ အရင်းအမြစ် သုံးစွဲမှု၊ ထိန်းချုပ်မှု၊ ပစ္စည်းကိရိယာ၊ မြေပိုင်ဆိုင်မှုတို့နှင့် အခွင့်အလမ်း ဆုံးဖြတ်ချက်ချမှုတို့ကို ရွာသူ/သားများနှင့် ပူးပေါင်း၍ ဆွေးနွေးခဲ့ကြပါသည်။

Phyu
မှတ်တမ်းတင်သူ
ဖြူလင်းဝင်း (CR)

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

## ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာ | ကုန်းမြောင်း |
| ကျေးရွာအုပ်စု | ကုန်းမြောင်းကျေးရွာ |
| အစည်းအဝေးပြုလုပ်သည့်နေရာ | ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၂၅.၁၁.၂၀၁၇ |
| အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ | ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း |

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၇၅)ဦး ။မ ( ၉၀ )ဦး= (၁၆၅) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

အမျိုးသားနှင့် အမျိုးသမီးများ၏ အခက်အခဲများအား သိရှိရန်၊ ကျေးရွာ၏ မျှော်မှန်းချက်များအား သိရှိရန်၊ ကျေးရွာ၏ ဦးစားပေး လုပ်ငန်းစဉ်များအား သိရှိရန် ကျေးရွာ၏ ဦးစားပေး လုပ်ငန်းများ ထွက်ရှိရန်၊ စီမံကိန်း လုပ်ငန်းခွဲများအား ဦးဆောင်လုပ်ကိုင်မည့် စီမံခန့်ခွဲမှု ကော်မတီဝင်များ ထွက်ရှိရန်၊

ဆွေးနွေးချက်။ ။အမျိုးသမီးနှင့် အမျိုးသားများ၏ အခက်အခဲများ၊ မျှော်မှန်းချက်များနှင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအား အဖွဲ့လိုက် ဆွေးနွေးခြင်း။

ဆွေးနွေးချက်။ ။ စီမံကိန်းလုပ်ငန်းခွဲများအား အကောင်အထည်ဖော်ဆောင်ရာတွင် စီမံခန့်ခွဲနိုင်ရန်အတွက်၊ ကျေးရွာကော်မတီဝင်များ ထွက်ပေါ်ရန်အတွက် ဆွေးနွေးခြင်း။

ဆုံးဖြတ်ချက် ။
သဘောတူညီချက် ။ကျေးရွာ၏ အမျိုးသား/သမီးများ၏ အခက်အခဲ/မျှော်မှန်းချက်များအား အမျိုးသားတစ်ဖွဲ့၊ အမျိုးသမီးတစ်ဖွဲ့ စသဖြင့် အသီးသီး ဆွေးနွေး ရရှိလာသော အခက်အခဲ၊ အတားအဆီး နှင့် မျှော်မှန်းချက်များမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ထွက်ပေါ်လာပါသည်။ ထိုဖွံ့ဖြိုးရေးလုပ်ငန်းများကို မဲစနစ်ဖြင့် မဲများပေး၍ ဦးစားပေးလုပ်ငန်းများကို အဆင့်လိုက် ရရှိပါသည်။

ဦးစားပေးလုပ်ငန်းများမှာ -(၁) ကျေးရွာတွင်းလမ်းမကြီး
(၂) ရွာတွင်းလမ်းသွယ်
(၃) တံတား
(၄) ကျေးရွာအားကစားကွင်း စသည်တို့ ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးချက်။ ။ ကျေးရွာစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း

ဆုံးဖြတ်ချက် ။ ။ ကျေးရွာသူ/သားများ၏ သဘောတူညီချက်ဖြင့်
သဘောတူညီချက် မဲခွဲစနစ်ဖြင့် မဲအများ ဖြစ်သော ကော်မတီဝင်များကို
ရွေးချယ်တင်မြှောက်ကြပါသည်။ ကျေးရွာစီ/ထောက်
ခေါင်းဆောင်ကို ဦးအောင်ကြည်၊ ဒေါ်ဝါဝါညိုတို့ကို
ရွေးချယ်ရရှိခဲ့ပါသည်။ ငွေစာရင်းကိုင် ကို ဒေါ်သီတာအေး၊
ဝယ်ယူရေးခေါင်းဆောင်ကို ဦးထိန်လင်း၊ ဦးမောင်မောင်ကြီး၊
ဒေါ်စန်းကြည်၊ လည်ပတ်/ပြင်ဆင်ရေးတွင် ဦးတင်လင်းအောင်၊
ဒေါ်ရီရီဝိုင်၊ စောင့်ကြည့်ကြီးကြပ်ရေးတွင် ဦးမြင့်ဦး၊
ဒေါ်အေးပါ၊ ဝေဖန်အကြံပြုတိုင်ကြားမှုယန္တရားတွင်
ဦးထွန်းပါ၊ ဒေါ်လဲ့လဲ့ဝင်း တို့မှ မဲခွဲစနစ်ဖြင့် ရွေးချယ်
ဆုံးဖြတ်ခဲ့ပါသည်။ ကော်မတီဝင်များကို အမျိုးသား/
အမျိုးသမီး အချိုးတူ ရွေးချယ်ခန့်အပ်ထားခဲ့ပါသည်။
ကော်မတီဝင်များကို ဆောင်ရန်၊ ရှောင်ရန် များကိုလည်း
အသီးသီး လက်မှတ်ထိုးကာ ရှင်းပြပေးခဲ့ပါသည်။
ဥပစုအဖွဲ့ဝင် အတွက် အမျိုးသား / ၅ မျိုးသမီး
ရွေးချယ် ဆုံးဖြတ်ခဲ့ကြပါသည်။

(signature)
မှတ်တမ်းတင်သူ
ဒေါ်ဖြူကြည်ဝင်း (၄၈)

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
    - ရှိ
    - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊